ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

**ညွှန်ကြားချက်အမှတ်၊ ၂ / ၂၀၁၉**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၂၀ ရက်)

## မုတ်ခွံခွဲဝေမှုအချိုး ပြင်ဆင်ခြင်းအား လိုက်နာဆောင်ရွက်ရန်ကိစ္စ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏သဘောတူခွင့်ပြုချက်ဖြင့် ဤညွှန်ကြားချက်ကို အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ပါသည်။

၁။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ(သတ္တုရေးရာ)၏ (၃၆/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးမှ "မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် မုတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးက ခွင့်ပြုသည့် ပုလဲခွဲဝေမှုအချိုးအတိုင်း မုတ်ခွံခွဲဝေမှုအချိုးကို သတ်မှတ်ဆောင်ရွက်ရန်"ဟု ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပ ပုလဲမွေးမြူရေးကုမ္ပဏီများအပေါ် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ အာဏာတည်သည့် (၂၅.၉.၂၀၁၈)ရက်နေ့မှစ၍ စာရင်းသွင်းသည့်အရွယ်ရောက်မုတ်ကောင်များမှ ထွက်ရှိသော ရေသေနှင့် ခွဲသတ်မုတ်ကောင်များ၏ မုတ်ခွံခွဲဝေမှုအချိုးအား "အရင်းမကြေမီကာလတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ၁၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၉၀ ရာခိုင်နှုန်း၊ အရင်းကြေပြီးကာလတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ၂၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၈၀ ရာခိုင်နှုန်း"ဖြင့် လိုက်နာခွဲဝေဆောင်ရွက်ရန် ညွှန်ကြားပါသည်။

20/12/19

မင်းမင်းဦး

ဦးဆောင်ညွှန်ကြားရေးမှူး

စာအမှတ်၊ စမ - ၃၂ / ၀၁ / ၁၉ ( ၂၆၉၄ )
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်

ဖြန့်ဝေခြင်း

အထွေထွေမန်နေဂျာ

ဒုတိယအထွေထွေမန်နေဂျာ(စီမံ/စာရင်းအင်း၊ ထုတ်လုပ်ရေး)

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)

- စီမံရေးရာဌာနခွဲ
- ငွေစာရင်းဌာနခွဲ
- ရောင်းချဖြန့်ဖြူးရေးဌာနခွဲ
- ဖက်စပ်ဌာနခွဲ

တာဝန်ခံအရာရှိ(ပုလဲကျွန်း၊ ရန်ကုန်ရုံးခွဲ၊ မြိတ်ရုံးခွဲ)

ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ( )

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ